**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၄)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး



နေပြည်တော် ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ်၊ မင်းဘူး-ပဒါန်း-အမ်းကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြားကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁** ☆

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်)

# မျိုးဂုဏ်တက်အောင်စွမ်းဆောင်ကြသူများ

မြန်မာအဘိဓာန်တွင် တက်လူဟူသောအသုံးအနှုန်းကို "လူငယ်လူရွယ်"ဟု ဖော်ပြထားသည်။ ဆရာရွှေတိုင်ညွန့်ရေးသားခဲ့သည့်ဇာတိမာန်သီချင်းတွင် "တက်လူတွေ တက်လူတွေ လုံ့လဝီရိယရှိကြစေ၊ မျိုးဂုဏ်တက်အောင် ရှက်ဆောင်လေ၊ တို့တာဝန်အမှန်ပေ"ဟူ၍ ထည့်သွင်းရေးသားထားသည်။ သံပြိုင်သီဆိုရသောအပိုဒ်ဖြစ်၍ တက်တက်ကြွကြွနှင့်စိတ်ကိုလန်းဆန်းစေသည်။ တက်လူဟူသောအသုံးကို ဆရာဇော်ဂျီရေးဖွဲ့သည့်တက်လူတေးသံကဗျာတွင်လည်း သုံးစွဲထားသည်။ ဆရာက "တက်လူသာလျှင်၊ မြန်မာပြည်လှ၊ အားသစ်ရ၍၊ ဇေယျအောင်လံ ထူမည်တည်း"ဟု ဆိုထားသည်။

လူငယ်တို့၏တာဝန်ကို မီးမောင်းထိုးပြထားသောသီချင်းများ၊ ကဗျာများအများကြီးရှိသည်။ လူငယ်သည်နိုင်ငံအတွက် အားကိုးအားထားပြုရမည့်သူများဖြစ်သည်။ လူငယ်လူရွယ်များအစွမ်းထက်နေမှ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မော်ကြွားနေနိုင်မည်ဖြစ်သည်။ လူငယ်လူရွယ်များဖြစ်ကြသည့် ရဲဘော်သုံးကျိပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်တစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းနိုင်အောင် ကြိုးစားခဲ့ကြသည်။ အဆိုပါလူငယ်များကြိုးစားမှုဖြင့် တပ်မတော်ပေါ်ထွန်းလာခဲ့သလို မြန်မာ့လွတ်လပ်ရေးပန်းတိုင်ကိုလည်း လှမ်းကိုင်နိုင်ခဲ့သည်။ ယနေ့လူငယ်များသည်လည်း နိုင်ငံအတွက်အားကိုးရမည့်သူများဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် သမိုင်းစဉ်အဆက်ဆက်လူငယ်များကို တန်ဖိုးထားသည်။ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များကိုအားကိုးသည်။ ထို့ကြောင့်လူငယ်များကို လူတော်လူကောင်းများဖြစ်လာစေရန်၊ ပညာပြည့်ဝနလုံးလှသူများဖြစ်လာစေရန်၊ နိုင်ငံနှင့်လူမျိုးကောင်းကျိုးပြုမည့် သားကောင်းသမီးမွန်များဖြစ်လာစေရန် နိုင်ငံတော်အစိုးရက ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထိုသို့ပြုစုပျိုးထောင်ပေးလျက်ရှိရာတွင် ပညာရေး၊ ကျန်းမာရေးမှသည် နိုင်ငံတော်ကာကွယ်ရေးအထိ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ ဗလငါးတန်နှင့်ပြည့်ဝပြီး နိုင်ငံချစ်စိတ်ရှိသည့်လူငယ်များ များစွာလိုအပ်သည့်အတွက် ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုဖွင့်လှစ်ကာ ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်လျက်ရှိရာတွင် ယခုအခါပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၆)သို့ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဟုခေါ်ဝေါ်သော်လည်း သူတို့သည် တပ်မတော်သားများသာဖြစ်သည့်အတွက် တပ်မတော်သားများရရှိသည့်ရပိုင်ခွင့်မှန်သမျှရရှိကြသည်။ နေရေးထိုင်ရေးကျန်းမာရေးအားလုံးကို နိုင်ငံတော်ကတာဝန်ယူထားသည့်အတွက် သူတို့လုပ်ဆောင်ရမည်မှာ နိုင်ငံတော်နှင့်ပြည်သူအပေါ်ကျရောက်လာမည့် ရန်စွယ်အန္တရာယ်မှန်သမျှကို ကာကွယ်တိုက်ဖျက်ရေးသာဖြစ်သည်။ "သူ့နိုင်ငံသားသံမှုန့်စားမှ တို့ခေါင်းတုံးမည်မှတ်တော့တည်လော့"ဆိုသည့်အတိုင်း ရဲဝံ့သည့်သတ္တိဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ကြရမည်။ ထမ်းဆောင်လျက်ရှိနေသူများလည်းများစွာရှိနေပြီဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ လူတစ်ဦးချင်းစီအတွက် သတ်မှတ်ကာလရှိထားသော်လည်း နိုင်ငံတစ်နိုင်ငံအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည့်ကိစ္စရပ်ဖြစ်သည်။ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် လူငယ်မျိုးဆက်သစ်အဆက်ဆက်က လက်ဆင့်ကမ်းထမ်းဆောင်နေကြရမည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သာဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းက မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားကိုမြင့်မားသည်ထက်မြင့်မားအောင် ကြိုးပမ်းနေချိန်တွင် မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားကို အကြီးမားဆုံးတည်ဆောက်ရမည်ဖြစ်သည်။ ဤသည်ကိုကြိုတင်တွေးဆမြော်မြင်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၂၀ (က) တွင် "တပ်မတော်သည် အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်"ဟု ခိုင်ခိုင်မာမာပြဋ္ဌာန်းထားခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏မွေးရာပါတာဝန်ဖြစ်သည်နှင့်အညီ အရွယ်ရောက်သူ လူငယ်လူရွယ်တိုင်း စစ်မှုထမ်းဆောင်ကြရမည်မှာ မဖြစ်မနေလုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်။ ထိုတာဝန်သည်ဂုဏ်ယူထိုက်သောတာဝန်ဖြစ်သည်။

လူငယ်လူရွယ်မှန်သမျှသည် အနာဂတ်နိုင်ငံတော်ကိုပိုင်ဆိုင်သူများဖြစ်ပြီး နိုင်ငံ့အရေးကိစ္စများကိုဦးဆောင်သယ်ပိုးကြရမည့်သူများလည်းဖြစ်သည်။ တပ်မတော်အင်အားမြင့်မားစွာတည်ရှိနေခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သာယာခြင်းကိစ္စရပ်များတွင် လူငယ်များကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကိုအလှဆင်ကြရမည်ဖြစ်သည်။ တပ်မတော်တွင်ပြည်သူ့စစ်မှုထမ်းများအဖြစ် ပါဝင်ထမ်းဆောင်သူလူငယ်လူရွယ်များအားလုံးကို ပြည်သူတို့ကဝမ်းသာအားရဂုဏ်ပြုကြိုဆိုလျက်ရှိကြသည်။

ပြည်သူ့စစ်မှုထမ်းခြင်းကြောင့် လူငယ်များတွင် အသိပညာ၊ အတတ်ပညာများ ပိုမိုပြည့်ဝလာသည်။ သင်တန်းများတွင်သင်ကြားပို့ချသောဘာသာရပ်များကို စိတ်ပါဝင်စားစွာလုပ်ဆောင်ခြင်းဖြင့် စိတ်ဓာတ်ကောင်းလာသည်။ စည်းကမ်းပိုမိုရှိလာသည်။ နိုင်ငံတော်အပေါ်သစ္စာရှိလာသည်။ မိမိတို့စစ်မှုထမ်းအချင်းချင်းစည်းလုံးညီညွတ်မှုရှိလာသည်။ သင်တန်းမှပို့ချပေးလိုက်သောပညာရပ်များကြောင့် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့်အုပ်ချုပ်ရေးစွမ်းရည်တို့ပြည့်ဝလာသည်။ ထိုအရည်အချင်းများနှင့် မိမိကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိလာသည်။ ထိုအရည်အချင်းများနှင့်အတူတက်ကြွနေသောလူငယ်များ သို့မဟုတ် တက်လူများကို အမျိုးဂုဏ်တက်အောင်ရှက်ဆောင်နိုင်ကြသူများဖြစ်ပါစေကြောင်း မြဝတီက ဆုမွန်ကောင်းတောင်းလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မဲဆန္ဒရှင်များအားမဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့မဲပေးခြင်း အခမ်းအနားကျင်းပ

ပုသိမ် ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃) နယ်မြေ တာဝတိံသာဘုရားဝင်းရှိ သင်္ဘသုခမ္မာရုံ၌ ဩဂုတ်လ ၁၈ ရက်နံနက်ပိုင်းတွင် မဲဆန္ဒရှင်များအား မဲပေးစနစ်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့မဲပေးခြင်းအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဦးစီးမှူး ဒေါ်ပွင့်ဖြူအောင်က ရွေးကောက်ပွဲဆိုင်ရာမဲပေးမှုဆိုင်ရာများနှင့် ပုသိမ်မြို့နယ်၌ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၁၆ ခုရှိပြီး ထိုပါတီများမှ မိမိကြိုက်နှစ်သက်သောပါတီကို ကွန်ပျူတာနည်းစနစ်ဖြင့် မှန်ကန်စွာဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ်ပညာရေးမှူး ဒေါ်သန္တာအောင်နှင့် ပညာရေးဝန်ထမ်းများက တက်ရောက်လာသောပညာရေး ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးကြည်နှင့် ရာအိမ်မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ စုစုပေါင်းအင်အား ၅၀၀ ဦးအား တစ်ဦးချင်း ဆန္ဒမဲပေးခြင်းကို ကွန်ပျူတာဖြင့်လက်တွေ့ပြသသင်ကြားပေးကြောင်း သိရသည်။

(၄၀၇)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Market News | ၄။ ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၂။ ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | ၅။ ၁၅:၃၅ | Happy Zone |
| ၃။ ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၆။ ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တွေ့ဆုံ၊ ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်

ထားဝယ် ဩဂုတ် ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံသည်။



ဦးစွာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် ယာယီနေရပ်စွန့်ခွာတိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရိုးရာပွဲတော်အခမ်းအနားများ ကျင်းပဆောင်ရွက်မှုအခြေအနေများနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် တိုင်းရင်းသားဘာသာသင် TA/ LT ဆရာ၊ ဆရာမများအား ထောက်ပံ့ပေးနိုင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံးသည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အေးချမ်းသာယာပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ ပညာရေးကိစ္စရပ်များ၊ စာပေနှင့် ယဉ်ကျေးမှုများကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနည်းစနစ်များဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ကောင်းမွန်စွာဆောင်ရွက်နိုင်သောပြည်သူ့ရေးရာအုပ်ချုပ်မှုစနစ်များကို ဖော်ဆောင်ပေးရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ထားဝယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသား၊ တိုင်းရင်းသူများက ထားဝယ်ရိုးရာရေအိုးရွက်အကနှင့် ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များမှ လျှောင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံနှင့် အခန်းများ၊ ခန်းမများပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဧည့်သည်လက်ခံနိုင်ရေးပြင်ဆင်ထားရှိမှုအခြေအနေများ၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ပြီးလျှောင်ဒဏ်သင့်ဟိုတယ်၊ အခန်းများကို ဧည့်သည်များအမြန်ဆုံးလက်ခံနိုင်ရန် ပြင်ဆင်ကြရန်၊ ပြင်ဆင်ဆဲအခန်းများ၊ ခန်းမများကိုလည်း သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ကြရန်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်များအနေဖြင့် အာဆီယံအဆင့် ပေးအပ်သော ဟိုတယ်ဆိုင်ရာဆုများကို ရရှိနိုင်အောင် စဉ်ဆက်မပြတ်ကြိုးစားကြရန်မှာကြားပြီး ဟိုတယ်များတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်တပ်ဆင်သုံးစွဲနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လျှောင်ဘေးဒဏ်သင့် အပြာရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများတွင် ပြင်ဆင်ပြီးစီး၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများကိုမှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# လယ်ဝေးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၁၉

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းအတွက် စာအုပ်စာစောင်များ၊ ချီးမြှင့်ငွေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် အမျိုးသားစာပေဆုရှင် စာရေးဆရာ မောင်စိမ်းနောင်(လယ်ဝေး)က စာပေလေ့လာဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကိုဟောပြောပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း စာအုပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာပေဆိုင်ရာဆွေးနွေးပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ လူငယ်စကားဝိုင်း ကျင်းပနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြပွဲသို့တက်ရောက်ပြီး မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့်လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်တို့သည် ဆရာလွင်၏နေအိမ်၌ သုံးလကျော်မျှ တည်းခိုနေထိုင်ခဲ့ရာ ယောက်ျားချင်းရော မိန်းမချင်းပါ သင့်မြတ်ကြည်ဖြူစွာရှိကြခြင်းအတွက် ကျွန်ုပ် ဝမ်းလည်း သာ၍ ကျေးဇူးလည်းတင်ပါသည်။ ယင်းသို့ အတူတကွ နေထိုင်ကြသည်တွင် ကျွန်ုပ်သည် ဆရာလွင်နှင့်ပတ်သက်၍ အကဲခတ်ဖို့ အခွင့်ကြုံခဲ့ရာ သူ့၌ (လူချင်းဆက်ဆံမှုနှင့် ပတ်သက်၍) ကျွန်ုပ်ထက်သာသောအချက်အလက်များ တွေ့ရခြင်းကို ကြည်ဖြူစွာဝန်ခံရပေမည် . . ."

**ယမန်နေ့မှအဆက်**

### မြမျိုးလွင်နှင့် ကျွန်ုပ်

ရန်ကုန်သို့သွားမည်ဟု သင်္ဘောဆင်းခဲ့စဉ်က ဆရာလွင် (မြမျိုးလွင်)တို့ ဇနီးမောင်နှံသည် ကျွန်ုပ်တို့အား နှုတ်ဆက်ရန် လက်ဆောင်လေးများနှင့် သင်္ဘောသို့ ဆင်းလာကြ၍ (လူထုမောင်နှံတို့ကား မပေါ်လာချေ။) ဆရာလွင်က "ကျွန်တော်တို့ အိမ်ဆောက်နေပါသည်။ အိမ်ပြီးသောအခါ ကျွန်တော်တို့အိမ်မှာ ဘယ်အခါမဆို တည်းခိုနိုင်ပါသည်" ဟု ပြောသွားဖူးသည်။ မန္တလေးသို့ ကျွန်ုပ်တို့ ပြန်ရောက်လာသောအခါ ဆရာလွင်၏နေအိမ်မှာ ဆောက်လုပ်ပြီးပြီဖြစ်ရာ ကျွန်ုပ်သည် ဆရာလွင်၏ စကားအတိုင်း (အိမ်မရသေးမီအတွင်း) သူ့အိမ်၌ တည်းခိုရန်မှတစ်ပါး တခြားနည်းလမ်းမရှိသည်နှင့် သူ့အိမ်သို့ တက်ကြရသည်တွင် သူတို့ဇနီးမောင်နှံနှစ်ယောက်စလုံးက ဝမ်းသာအားရ လက်ခံကြပါပေသည်။ ထိုစဉ်က ကျွန်ုပ်သည် ရုံဖန်ရံခါ သောက်တတ်သေးသည်ဖြစ်ရာ အတူတကွသောက်ကြသောအခါများတွင် "ဘိန်းသမားချင်းတူတူ တစ်လုံးပို့ရှူချင်" ဟူသော စကားအဓိပ္ပာယ်မျိုးနှင့်မဟုတ်ဘဲ ရင်းနှီးသော မိတ်ဆွေတစ်ယောက်အနေဖြင့် "သောက်တော့သောက်တာပေါ့ ဆရာလွင်၊ သို့သော် ယစ်ထုပ်တစ်ယောက်တော့ အဖြစ်မခံပါနဲ့နော်" ဟု သတိပေးဖူးပါသည်။ (သော်တာဆွေကိုလည်း ဤအတိုင်းပင် ကျွန်ုပ် အကြိမ်ကြိမ်သတိပေးပါသည်။) ကျွန်ုပ်တို့သည် ဆရာလွင်၏နေအိမ်၌ သုံးလကျော်မျှ တည်းခိုနေထိုင်ခဲ့ရာ ယောက်ျားချင်းရော မိန်းမချင်းပါ သင့်မြတ်ကြည်ဖြူစွာရှိကြခြင်းအတွက် ကျွန်ုပ် ဝမ်းလည်းသာ၍ ကျေးဇူးလည်းတင်ပါသည်။ ယင်းသို့ အတူတကွနေထိုင်ကြသည်တွင် ကျွန်ုပ်သည် ဆရာလွင်နှင့် ပတ်သက်၍ အကဲခတ်ဖို့ အခွင့်ကြုံခဲ့ရာ သူ့၌ (လူချင်းဆက်ဆံမှုနှင့်ပတ်သက်၍) ကျွန်ုပ်ထက်သာသော အချက်အလက်များ တွေ့ရခြင်းကို ကြည်ဖြူစွာဝန်ခံရပေမည်။ ဆရာလွင်အပေါ်၌ ကျွန်ုပ်၏ကျေးဇူးဘာမျှမရှိခဲ့။ သူကသာလျှင် ကျွန်ုပ်အား အကြိမ်ကြိမ် ဖိတ်ခေါ်ကျွေးမွေးခဲ့ဖူးသည်ဖြစ်ရာ သို့နှင့်လည်း သူ့အိမ်၌ ကျွန်ုပ်မှီခိုနေထိုင်ရစဉ်အတောအတွင်း သူသည် ကျွန်ုပ်၏ကျေးဇူးရှိဖူးသည့်အနေမျိုးနှင့် ဆက်ဆံပါပေသည်။ ကျွန်ုပ်က အိမ်လခပေးသော်လည်း သူကမယူသည့်အပြင် သူ၏ဂျစ်ကားနှင့်ပင် ကျွန်ုပ်တို့အား ပြင်ဦးလွင်မှစ၍ ဟိုအရပ်၊ သည်အရပ်များသို့ လိုက်၍ ပို့ပါသေးသည်။ ကျွန်ုပ်အပေါ်၌ သာမက တခြားသောအသိအကျွမ်းများ အပေါ်တွင်လည်း လောကဝတ်ကျေပွန်ခြင်းကို ကျွန်ုပ်ကြုံရသည်။ ထို့ကြောင့်လည်း ဆရာလွင်မှာ ကျွန်ုပ်ထက်ငယ်သော်လည်း မိတ်ဆွေပေါများ၍ သူ၏ စည်းရုံးမှုများ အောင်မြင်ခြင်းဖြစ်ရမည်ဟု ယုံကြည်သည်။ ကျွန်ုပ်မှုကား စည်းရုံးတတ်ဖို့လည်း မကြိုးစား၊ ကြိုးစားလျှင်ပင် ဖြစ်လိမ့်မည်မထင်ဟု သဘောရသည်။

### လက်ဝဲစာပေလှေ့လာခြင်း

၁၉၅၁ ခုနှစ် နွေရာသီတွင် ကျွန်ုပ်သည် လူထုတိုက်မှ ခွင့်နှစ်လယူ၍ ပြင်ဦးလွင်၌ အိမ်တစ်လုံးငှားပြီး ဆရာလွင်၏နေအိမ်မှ ပြောင်းရွှေ့နေထိုင်ရာ သော်တာဆွေလည်း လိုက်ပါလာ၏။ ကျွန်ုပ်သည် လူထုသတင်းစာတိုက်၌ သုံးနှစ်ကျော်မျှ အယ်ဒီတာချုပ်အဖြစ်နှင့် လုပ်ကိုင်လာခဲ့စဉ် လူထုမောင်နှံနှင့် နိုင်ငံရေးအကြောင်း ဆွေးနွေးကြသည့်အခါများ၌ သူတို့၏ လက်ဝဲသုံးပါသော စကားလုံးများနှင့် အယူအဆများကို ကျွန်ုပ်နားမလည်နိုင်ဘဲဖြစ်ခဲ့၏။ သူတို့နှင့် ကျွန်ုပ်သည် တိုင်းပြည်လွတ်လပ်ရေး၊ နယ်ချဲ့တော်လှန်ရေးစသည့်အယူအဆများတွင် သဘောတူညီကြသော်လည်း ကျွန်ုပ်တို့၏ သဘောတူညီမှုသည် ဤမျှနှင့်ပင် ပြီးဆုံးလေတော့၏။ ကျွန်ုပ်၏ ဘာသာရေးအယူအဆများနှင့် ပတ်သက်၍ ၎င်းတို့ဉာဏ်မမီနိုင်သကဲ့သို့ သူတို့၏ တိုင်းပြည်စီးပွားရေးနှင့်ပတ်သက်သည့်အယူအဆများတွင် ကျွန်ုပ် ဉာဏ်မမီနိုင်ဘဲဖြစ်နေ၏။ ဥပမာ – အနတ္တအကြောင်းကို သူတို့နားမလည်နိုင်သည့်နည်းတူ လယ်ယာမြေများကို လယ်လုပ်မစားသောမြေရှင်ကြီးများထံမှ သိမ်းယူပြီး တောင်သူလယ်သမားများအား ခွဲဝေပေးခြင်းတည်းဟူသောစနစ်ကို တရားသည်ဟူ၍ ကျွန်ုပ် နားမလည်နိုင်ဘဲဖြစ်နေတော့သည်။ သို့ဖြစ်၍ ပြင်ဦးလွင်သို့ ကျွန်ုပ်ရောက်သောအခါတွင် လက်ဝဲဝါဒနှင့် ပတ်သက်သည့် စာပေများကို ရှာဖွေတွေ့ရှိသမျှ ကျွန်ုပ်တို့ထံသို့ တင်ပို့လိုက်ပါရန် လူထုမောင်နှံတို့ထံသို့ မှာထားလိုက်ရာ သူတို့တင်ပို့သည့် စာအုပ်များကို ကျွန်ုပ် ဖတ်ရှုလေ့လာခဲ့သည်။ ပထမဆုံးဖတ်ရသည့် စာအုပ်များအနက် ဦးနုရေးသည့် မော့က်ဆီးဖိမ်း ခေါ် စာအုပ်ကြီးတစ်အုပ်ပါရှိရာ ဤကိစ္စမျိုးတွင် မြန်မာဘာသာနှင့် ရေးသည့် စာအုပ်မျိုးထက် အင်္ဂလိပ်လိုရေးသည့် စာအုပ်များသည် (လက်ရင်းကျသည်ဟုယူဆသည့်အလျောက်) အင်္ဂလိပ်စာအုပ်မျိုးကိုသာ ဖတ်လိုသော်လည်း ဝန်ကြီးချုပ်တစ်ယောက် ရေးထားခြင်းဖြစ်သည်တစ်ကြောင်း၊ အင်္ဂလိပ်စာအုပ်များ မရသေးသည်တစ်ကြောင်းကြောင့် ကျွန်ုပ်သည် ဦးနု၏ 'မော့က်ဆီးဖိမ်း' ကို စိတ်ဝင်စားစွာနှင့် ဖတ်ရှုပါသည်။ ဦးနုသည် ဤကျမ်းကို တခြားစာအုပ်များမှ ထုတ်နုတ်ရေးသားထားခြင်း ဖြစ်သော်လည်း တင်ပြပုံအတော်ရှင်းသည်ဟု အောက်မေ့၍ သူ့စာအုပ်ကို အတော်လည်းကျေနပ်ပါသည်။ ထို့နောက်တွင် ဦးနုသည် သူ၏ 'မော့က်ဆီးဖိမ်း' ကိုရုပ်သိမ်းပြီး ကွန်မြူနစ်ဆန့်ကျင်ရေးယောင်ယောင် အလုပ်လုပ်နေပြန်ခြင်းကို တွေ့ရသည့်အခါ သူ၏ အတွေးအခေါ် အယူအဆများနှင့်ပတ်သက်၍ သံသယဖြစ်မိပါသည်။ သံသယဖြစ်မိခြင်းကား ဤပုဂ္ဂိုလ်သည် တခြားလူများ၏စာအုပ်များမှ ထုတ်နုတ်တင်ပြရာတွင် အတော်ရှင်းအောင် တင်ပြတတ်သော်လည်း ကိုယ်တိုင်စဉ်းစားဆင်ခြင်ရသောကိစ္စမျိုး၌ ရှင်းရှင်းပြတ်ပြတ် မစဉ်းစားတတ်ဟု ဆုံးဖြတ်ချက်ချလိုက်ရသည်။

### လူများစုအကျိုးကြည့်ရမည်

လက်ဝဲဝါဒနှင့်ပတ်သက်၍ တခြားစာအုပ် လေးငါးအုပ်ဖတ်ပြီးသည့်နောက် ဤကိစ္စနှင့်ပတ်သက်၍ လက်ရင်းအကျဆုံးဖြစ်သည့် ကားလ်မာ့က်စ်၏ ကက်ပီတဲလ် (ငွေရင်း) ခေါ် စာအုပ်ကြီး သုံးတွဲအနက် ပထမတွဲဖတ်လိုက်ရသည်တွင် ကျွန်ုပ်မှာ တိုင်းပြည်စီးပွားရေးစနစ်နှင့် ပတ်သက်၍ မျက်စိ၌ ဖုံးကွယ်လျက်ရှိသော 'တိမ်သလာ' များကို ထုတ်ယူပစ်လိုက်သည့်နှယ် စက္ခုအလင်းရရှိလာပါတော့သည်။ ဥပမာဆိုသော် တောင်သူမဟုတ်သော မြေပိုင်ရှင်ကြီးများ၏လက်ဝယ်၌ရှိသည့် လယ်မြေများကို သိမ်းယူခြင်းသည် မတရားဟုထင်ခဲ့မိရာမှ လယ်မြေကို တောင်သူလယ်သမားပိုင်ဖြစ်အောင်လုပ်မပေးဘဲ လူများစုဖြစ်သော တောင်သူလယ်သမားများ ကောင်းစားအောင်လုပ်ရန်မဖြစ်နိုင်ဟု သဘောကျလာခဲ့ပါသည်။ တရားသည်၊ မတရားသည်ဟူသော ကျွန်ုပ်၏ မူလ 'စံချိန်' မှာ လူအချင်းချင်းဆက်ဆံမှုအတွက်သာ အသုံးပြုရသည့် 'ချိန်ခွင်' ဖြစ်သည်။ နိုင်ငံရေးအရ ဆိုပါလျှင် ဖိနှိပ်ခြင်းခံရသော လူများစုအား ဖိနှိပ်သော လူနည်းစု၏လက်မှ လွတ်မြောက်ရေးအတွက် ဘာမဆိုလုပ်ရမည်။ သို့မှသာ တစ်တိုင်းပြည်လုံး ချောင်ချိသက်သာခွင့်ရနိုင်သည်ဟူသော အမြင်တစ်ခုဝင်လာခဲ့ပါသည်။ သို့ရာတွင် ဗုဒ္ဓဝါဒကို နက်နဲစွာလေ့လာခဲ့သော ကျွန်ုပ်အဖို့ရာ၌ အဖိနှိပ်ခံလူတန်းစား၏ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် ဖိနှိပ်သောလူများကို နှိပ်စက်ချင်သော စေတနာမျိုးမရှိစေသင့်၊ ဖိနှိပ်ခံများ ကောင်းစားရေးအတွက်သာ စေတနာကို ဦးလှည့်ထားရမည်ဟု ကျွန်ုပ် နားလည်သည်။ မာ့က်စ်များသည် ကျွန်ုပ်၏အယူအဆကို ရှုပ်သည်ဟု ဆိုကောင်းဆိုကြမည်။ ကျွန်ုပ်အဖို့ရာ၌ကား အလွန်ရှင်း၍ ဤနည်းမှတစ်ပါး အပြစ်မကင်းဟူ၍ ကျွန်ုပ်မြင်သည်။

### "မူ"ကို လက်ခံခြင်း

ထိုစာအုပ်ကြီးကို ဖတ်ရပြီးနောက် ကျွန်ုပ်သည် ကားလ်မာ့က်စ်၏ တိုင်းပြည်စီးပွားရေးစနစ်ကို သဘောပေါက်လာပြီဖြစ်ကြောင်း လူထုမောင်နှံထံသို့ စာရေးထည့်လိုက်ရာ ၎င်းတို့က ဝမ်းသာကြသည်။ ဝမ်းသာခြင်းမှာ လူထုသတင်းစာ အယ်ဒီတာချုပ် လုပ်နေသူတစ်ယောက်က အရင်းရှင်စီးပွားရေးစနစ်၏အပြစ်များကို မမြင်ခဲ့လျှင် ၎င်းတို့နှင့် အလုပ်လုပ်ရာတွင် အဖုအထစ်များ ပေါ်လာတတ်သည်ဖြစ်၍ နောင်အခါတွင် ဤအတွက်နှင့် စိုးရိမ်စရာမရှိတော့ပြီဟု စိတ်ချရပြီဖြစ်သောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်သည် အရင်းရှင်စနစ်၏ အပြစ်များကို မြင်လာ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို နှစ်သက်လာပြီဖြစ်သော်လည်း မူအားဖြင့်သာ လက်ခံတတ်ခြင်းဖြစ်၍ (ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက် မဟုတ်သည့်အတွက်ကြောင့်) ဆိုရှယ်လစ်စီးပွားရေးစနစ် ပေါ်ထွန်းလာအောင် မည်သို့မည်ပုံစီမံခန့်ခွဲရမည်ဟူသော လီနင်နှင့် မော်စီတုံးတို့၏စာပေများကိုမူ ဖတ်ရှုလေ့လာရန် အလိုမရှိချေ။ သို့ရာတွင် ယင်းစနစ်ပေါ်ထွန်းလျက်ရှိသော နိုင်ငံများ၏စီးပွားရေးအခြေအနေတိုးတက်လာပုံအကြောင်း အရာများကိုမူ အထိုက်အလျောက် လေ့လာခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်။

---

# ခရမ်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဩဂုတ်လ ၁၈ ရက်က အမှတ် (၈) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိငြိမ်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ ကျောင်းစာအပြင် ပြင်ပစာအုပ်စာစောင်များကို ဖတ်ရှုလေ့လာသော အလေ့အကျင့်ကောင်းများရရှိစေရန်အတွက် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို ငယ်စဉ်ကတည်းက ဖတ်ရှုလေ့လာစေလိုကြောင်းနှင့် စာကြည့်တိုက်တွင် စာအုပ်စာပေများ အခမဲ့လာရောက်ငှားရမ်းဖတ်ရှုခြင်းဖြင့် စာဖတ်ရှိန်မြှင့်မားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့နှင့်ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့၊ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော်တည်ထားကိုးကွယ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီးဒေါ်ကြူကြူလှနှင့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ချောက်မြို့၊ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော်တည်ထားကိုးကွယ်မည့်မြေနေရာသို့ ရောက်ရှိကြရာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စွယ်တော်မြတ်စေတီတော်တည်ထားကိုးကွယ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွယ်တော်မြတ်စေတီတော်ကြီးအား စေတီတည်ဆောက်ရာတွင် သတ်မှတ်ထားသည့်အချိုးအစားများအတိုင်း စနစ်တကျတည်ဆောက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌လည်းကောင်း၊ ရေနံချောင်းမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရေနံချောင်းမြို့၊ စွမ်းအင်ရိပ်သာရှိခန်းမ၌လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား တွေ့ဆုံဆွေးနွေးပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက ချောက်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စွယ်တော်မြတ်စေတီတည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ချောက်မြို့သို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့ရှိ ကားကြီးကွင်းမြေနေရာနှင့် ခရီးသွားကားကြီးကွင်းမြေနေရာတို့အား စနစ်တကျဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် **စာမျက်နှာ ၆ သို့ ⊃**

❖ ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန်ဆောင်ရွက်ပေးမည်ဖြစ် . . .

❖ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ် . . .

❖ ရေနံချောင်းဒေသအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ရောဝတီမြစ်ကြောင်းအား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြုဆောင်ရွက်ပေးသွားမည်ဖြစ် . . .




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေနံချောင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ်။

⊃ စာမျက်နှာ ၅ မှအဆက်

ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ မြေအသုံးချမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြေအောက်ရေ ထိန်းသိမ်းရေးနှင့် မြို့ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ချောက်မြို့ရှိမြို့မိမြို့ဖများက ချောက်မြို့ရှိပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးစေလိုမှု၊ မိုးလုံလေလုံအားကစားခန်းမ လိုအပ်လျက်ရှိမှု၊ ပူပြင်းခြောက်သွေ့သည့် ချောက်မြို့တွင် ပူပြင်းသည့်ကာလ၌ အပူရှောင်နိုင်သည့် စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ရန်စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ချောက်မြို့သူမြို့သားများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ ရေနံမြေဧရိယာအတွင်းဆောက်လုပ်ထားသည့် နေအိမ်များနှင့်ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့ရှိရပ်မိရပ်ဖများက ရေနံချောင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမလိုအပ်လျက်ရှိမှု၊ ရေနံချောင်းစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတစ်ခု တည်ဆောက်ပေးစေလိုမှုနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးစေလိုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ရေနံချောင်းဒေသအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းအား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးကောင်းစွာရွာသွန်းမှုကြောင့် သီးနှံများစိုက်ပျိုးမှုကို ပိုမိုဖြစ်ထွန်းစေမှု၊ မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြီးခဲ့သည့်ကာလရောက်ရှိချိန်၌ ချောက်မြို့နယ်အတွင်း အပူဒဏ်ခံစားရမှုကို လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့လာရောက်ခဲ့ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာအေးချမ်းရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း။

နောက်ဆုံးအချက်ဖြစ်သည့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက်ဒေသတွင်းနေထိုင်ကြသူများလည်း မဖြစ်မနေပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း ၂ ဧကစိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့သစ်ပင်များစိုက်ပျိုးမှုကြောင့် အရိပ်အာဝါသများရရှိနိုင်မည်ဖြစ်ပြီး အပူဒဏ်ကိုထိုက်သင့်သလောက်လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီမကုန်ဆုံးမီကာလအတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက်သစ်ပင်များကိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း ဆန်ဖူလုံမှုများရှိလာမည်ဖြစ်ပြီး အခြားယာမြေများတွင် စိုက်ပျိုးသည့်သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း ဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေးကို များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှထွက်ရှိသည့်ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများရရှိစေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

❖ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်လို . . .**

❖ **ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို . . .**

❖ **ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခြင်းပင်ဖြစ် . . .**

❖ **ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ် . . .**

❖ **ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ ဒေသ၏အကျိုးအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန်လို . . .**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နေ့စဉ်လူမှုဘဝအတွက် အသိပညာ၊ အတတ်ပညာများရှိရန်လိုကြောင်း၊ အတန်းပညာများတတ်မြောက်မှသာ အသိပညာ၊ အတတ်ပညာများရရှိမည်ဖြစ်ကြောင်း၊ လေ့လာမှုမှ အသိပညာအတတ်ပညာကို ရရှိနိုင်သော်လည်း အတန်းပညာကို တတ်မြောက်ထားမည်ဆိုပါက ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသကဲ့သို့ တန်းစဉ်ကူးပြောင်းမှုများလျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ပညာရည်မြင့်မားရေး ဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာတတ်များပေါ်များမှသာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများ၌ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း ကျောင်းတက်ရောက်မှုအပေါ်မူတည်၍ တစ်ဦးချင်း၏စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုများမှာ ကွာခြားသွားကြကြောင်း၊ ဆရာ၊ ဆရာမများသည် ဒုတိယမိဘများဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့သားသမီးများ၏ အနာဂတ်များကောင်းမွန်စေရေး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့်လူငယ်များအဖြစ် ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ဘဝရပ်တည်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်းနေထိုင်ကြသူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲပထမအသုတ်ကို ခရိုင်မြို့ကြီးများနှင့် နီးစပ်သည့်မြို့များတွင် စတင်ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့်အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ ဒေသ၏အကျိုးအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားများအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး



ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဩဂုတ်လ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လူထုလှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် ပုခက်လွှဲသောလက်များဖြစ်ကြသည့်မိခင်များသည် တိုင်းပြည်အနာဂတ်ကိုပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်ရင်သွေးငယ်များကို ပြုစုပျိုးထောင်ရာ၌များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အာဟာရပြည့်ဝနေမှသာလျှင် ကျန်းမာကြံ့ခိုင်သော ရင်သွေးငယ်တစ်ဦးကို မွေးဖွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သောနို့ချိုအာဟာရကိုလည်း တိုက်ကျွေးနိုင်မည်ဖြစ်သည်။

**ကျန်းမာရေးအတွက်အာဟာရ**

အာဟာရဓာတ်ဟူသည် သက်ရှိသတ္တဝါတိုင်းအသက်ရှင်သန်ကျန်းမာရေးအတွက် လိုအပ်သောဩဇာဓာတ်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားနှင့်ရောဂါဘယကာကွယ်ရေးအတွက် လိုအပ်သည့်အာဟာရကို အစားအစာများ စားသုံးရာမှရရှိခြင်းဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရရရှိရန်အစားအစာကို ဝဝလင်လင်လုံလောက်စွာမစားရလျှင်ဖြစ်စေ၊ စားသည့်အစာမှအာဟာရလုံလောက်စွာမရရှိလျှင်ဖြစ်စေ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာသည်။ မကြိုက်သည့်အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာ အနည်းငယ်မျှကိုသာစားနေခြင်း၊ အစားရှောင်ခြင်း စသည်တို့ကြောင့် အစားအစာစုံအောင်မစားဖြစ်သည့်အခါ အာဟာရဓာတ်တစ်ခုခုချို့တဲ့ခြင်းတို့လည်း ဖြစ်စေသည်။

**ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်ဝစေရန်**

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့်မွေးဖွားစဉ်မိခင်သေဆုံးမှုနှုန်းမြင့်မားလျက်ရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားမိခင်ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင်များ အာဟာရပြည့်ဝရေးသည် များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်တို့ အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါ ကျန်းမာရေးထိခိုက်နိုင်ပြီး တစ်ခါတစ်ရံတွင် သေဆုံးသည်အထိဖြစ်နိုင်သည်။ ထို့ကြောင့် လိုအပ်သည့်အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာ စားသုံးရန်လိုအပ်ပေသည်။

ကိုယ်ဝန်ဆောင်မိခင်တချို့သည် ကလေးထွားမည်စိုးသဖြင့်ဟူသောအကြောင်းပြချက်ဖြင့် အစားလျှော့ခြင်း၊ ရှောင်ခြင်းတို့သည်မှားယွင်းသောအယူအဆပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များသည် သာမန်အချိန်ထက် တစ်နပ်ပို၍စားရန်နှင့် အာဟာရဓာတ်အစုံအလင်ပါဝင်အောင် နေ့စဉ်စားသုံးရန် ပညာရှင်များက တိုက်တွန်းထားသည်။ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင်ဒီ၊ စီ၊ ဘီဝမ်း၊ ဘီတူး၊ ဘီတွဲလ်၊ ဇင့်ဓာတ်ပါဆေးဝါးတို့ကို ဆရာဝန်များ၏လမ်းညွှန်ချက်ဖြင့်သောက်ရန်လည်း လိုအပ်သည်။

မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများ(ဥပမာ- နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ)ဖြစ်ခြင်းမှကာကွယ်ရန် ကိုယ်ဝန်ရှိကြောင်းစတင်သိရှိချိန်မှစ၍ သံဓာတ် ၆၀ မီလီဂရမ်နှင့်ဖောလစ်အက်စစ် (၄၀၀ မိုက်ခရိုဂရမ်ဆေးပြား)ကို တစ်နေ့တစ်ပြား နေ့စဉ်သောက်ပေးရန်လိုအပ်သည်။ ကိုယ်ဝန်သုံးလနောက်ပိုင်းတွင် သန်ချဆေးပြား (Mebendazole 500 mg)တစ်ကြိမ် သောက်သုံးရန်လိုအပ်သည်။ ကိုယ်ဝန်ကိုးလမှစ၍ ကလေးမွေးဖွားပြီးသုံးလအထိ ဗီတာမင်ဘီဝမ်းဆေးပြားကို သတ်မှတ်ထားသောပမာဏအတိုင်း နေ့စဉ်သောက်သုံးရန်လိုအပ်သည်။

**နို့တိုက်မိခင်များအာဟာရပြည့်ဝစေရန်**

နို့တိုက်မိခင်သည်လည်း မိမိအတွက်ရော ကလေးအတွက်ပါ အာဟာရဓာတ်လုံလောက်စွာရရှိစေရန် အစားကိုပိုစားရန်နှင့် အစားမရှောင်ရန်၊ မီးဖွားပြီးတစ်လအတွင်း အင်အားပြည့်ဗီတာမင်အေယူနစ်နှစ်သိန်းပါသောဆေးလုံးတစ်လုံးတစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီးသုံးလအထိ ဗီတာမင်ဘီဝမ်းအားဆေး နေ့စဉ်သောက်ရန်လည်း ကျန်းမာရေးဆိုင်ရာပညာရှင်များက တိုက်တွန်းထားရှိသည်။

အမှန်တော့ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အစာပို၍ စားသုံးရန်လိုအပ်သည်။ အစားလုံးဝရှောင်ရန်မလိုဘဲ ထမင်းနှင့်ဟင်းတစ်နပ်ပိုစားရန်လိုအပ်သည်။ နို့တိုက်မိခင်သည် ငန်လွန်းသောအစာမှလွဲ၍ အစားလုံးဝရှောင်ရန်မလိုပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန်လိုအပ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့်ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စုသုံးမျိုးစလုံးပါအောင် စားသောက်ရမည်ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်း ပိုစားရန်လိုအပ်သည်။

**မိခင်များအတွက်အာဟာရ**

ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းလျှင် ကိုယ်ဝန်ဆောင်နေစဉ်၊ မွေးဖွားစဉ်နှင့်မွေးဖွားပြီးကာလများအတွင်း အသက်အန္တရာယ်ကြုံတွေ့နိုင်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေးမွေးဖွားတတ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှကာကွယ်ရန်သံဓာတ်အာဟာရကြွယ်ဝသောအစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ အသား၊ အသည်းနှင့်သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှစားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့်အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များနှင့်ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့်အချဉ်ဓာတ်(ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့်ပဲအမျိုးမျိုးမှသံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာ စုပ်ယူနိုင်အောင် ကူညီသည်။

အိုင်အိုဒင်းသည်လည်း သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ဇီဝကမ္မလုပ်ငန်းများပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာစားသုံးရန်လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေးမွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ခန္ဓာကိုယ်စံချိန်မီမကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေတတ်သည်။ ဉာဏ်ထိုင်းပြီး လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိရန် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ သန္ဓေသားဘဝမှစ၍ သက်ကြီးရွယ်အိုဘဝအထိ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ မှီဝဲသွားရန်လိုအပ်သည်။

**သဘာဝမိခင်နို့ရည်**

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက်အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ နို့ဦးရည်နှင့်မိခင်နို့သည် ကလေးငယ်ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှကလေးကိုပေးနိုင်သည့်ပထမဆုံးနှင့်တန်ဖိုးအရှိဆုံးကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့်ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှုပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကိုနို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ်ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကိုလျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာ တိုက်ကျွေးနိုင်ပါသည်။ အမှန်တော့ နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန်လိုအပ်သည်။ ထမင်းနှင့်ဟင်းတစ်နပ်ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသောအစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန်လိုအပ်သည်။

**ဗီတာမင်အေအာဟာရ**

ဗီတာမင်အေသည် ကလေးများပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့်ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲအစားရှောင်လျှင် ဗီတာမင်အေအလုံအလောက်မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏နို့ကိုစို့ရသောကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေကြွယ်ဝသည့်အစာများကို လုံလောက်စွာစားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက်နှစ်ရက်တွင် ထွက်သည့်နို့ဦးရည်သည် ဗီတာမင်အေအလွန်ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည်တိုက်ဖြစ်အောင်တိုက်ပေးရန်လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့်အနီရောင်သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန်လိုအပ်သည်။

**ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး**

စင်စစ်အားဖြင့် အရည်အသွေးမြင့်မားသောလူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန်လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များ၊ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ်အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများတစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ကလေးငယ်များ ကျန်းမာပျော်ရွှင်ရောဂါကင်းစင်စေရန်အတွက် မိခင်များကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီးနို့တိုက်မိခင်ကာလတို့မှာပါ အာဟာရပြည့်ဝရန်လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့်ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စု သုံးမျိုးစလုံးကို နေ့စဉ်မျှတစွာစားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့်ကိုက်ညီသော အာဟာရပြည့်အစားအစာများကို ကျန်းမာရေးအသိပညာဗဟုသုတဖြင့် စားသောက်နေထိုင်သွားသင့်ပါကြောင်း ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အတွက် အလေးထားတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစား ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၄°C | / | ၃၂°C |
| မန္တလေး | ၂၆°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၂၄၄ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၉၂၁၇ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၉-၈-၂၀၂၅

| | | |
|---|---|---|
| ရွှေဘို | ၄ ဒသမ | ၇၆ လက်မ |
| ကျိုက်လတ် | ၃ ဒသမ | ၆၀ လက်မ |
| ရေဦး | ၃ ဒသမ | ၃၉ လက်မ |
| ပြင်ဦးလွင်(ဇီးပင်ကြီး) | ၂ ဒသမ | ၁၃ လက်မ |
| သထုံ | ၂ ဒသမ | ၀၅ လက်မ |
| ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) | ၁ ဒသမ | ၈၅ လက်မ |
| သာပေါင်း | ၁ ဒသမ | ၇၂ လက်မ |
| ကျိုက်မရော | ၁ ဒသမ | ၅၄ လက်မ |

## ကုန်းတွင်းမုန်တိုင်းငယ် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿပြည်နယ်တောင်ပိုင်း)ကမ်းခြေတို့တွင်ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ် (Depression) သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေကိုဂိုလ်ပါပူမြို့(Gopalpur)အနီးမှ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်းရပါသည်။

(မိုး/ဇလ)

၁၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၉:၃၀ နာရီအချိန် တိုင်းထွာချက်အရ ကုန်းတွင်းမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

ပဲခူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ ဗုဒ္ဓအသံမဓမ္မဗိမာန်တော်ကြီး၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးထွန်းမြိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးခြင်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဦးစီးအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုပုံများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်စနစ်ဖြင့် လက်တွေ့သရုပ်ပြမဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များအား ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြပြီး သိရှိလိုသည်များအားမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်းသိရသည်။ **အောင်ဖြိုးလင်း(ဝ၁၀)**

# ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းကို ဩဂုတ်လ ၁၈ ရက်တွင် ဗိုလ်ရွှေအခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင်ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအခြေပြုသန့်ချဆေးတိုက်ကျွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံးတစ်ဦးချင်း ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ကြသည်။

ဥတ္တရသီရိမြို့နယ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၁၂)



# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်

မြဝတီ ဩဂုတ် ၁၉

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၁၈ ရက်နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ မြဝတီမြို့ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူးနှင့် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်တို့က မှာတာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူခြောက်ဦးအားလည်းကောင်း၊ ဂုဏ်ထူးဖြင့်အောင်မြင်သူ သုံးဦးအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးအားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုငွေများပေးအပ်ကြောင်းသိရသည်။ (ဝ၀၆)

# နို့ချိုတိုက်ကျွေး မေ့ရင်သွေး

❦ ရင်သွေးရတနာ ပြုစုပါ
မိခင်နို့သာ အခရာ။
မိခင်မေတ္တာ အနန္တ
သွေးမှနို့ရည် ဖြစ်တည်ရ။

❦ မွေးကင်းစမှ ခြောက်လရွယ်
မိခင်နို့သာ တိုက်ရမယ်။
ရောဂါကာကွယ် အာဟာရ
နို့ဦးရည်မှာ လွန်ပြည့်ဝ။

❦ စနစ်တကျ နို့တိုက်လျှင်
ရင်သွေးနို့ချို ဝမည်ပင်။
အစဉ်ဆေးကြော အလေးထား
နို့ နို့သီးခေါင်း သန့်အောင်ထား။

❦ ဟင်းချိုဟင်းခါး နို့သောက်ပါ
မိခင်နို့ရည် ပိုထွက်မှာ။
ရောဂါကာကွယ် ခုခံပေး
မိခင်နို့သာ အကောင်းဆုံးဆေး။

❦ နို့ချိုတိုက်ကျွေး မိခင်မှာ
အိုင်အိုဒင်းဓာတ် လိုအပ်တာ။
အိုင်အိုဒင်းသာ ချို့တဲ့က
ရင်သွေးဉာဏ်ရည် နိမ့်ကျရ။

❦ အမိမေတ္တာ ပမာဆို
အနှိုင်းမဲ့စွ တောင်မြင်းမိုရ်။
နို့ချိုတိုက်ကျွေး ပြုစုစို့
ရင်သွေးရတနာ ကျန်းမာဖို့။ ။

**မောင်မင်းသိမ်း(သရက်)**

# ပင်လုံမြို့၌ စက်ချုပ်သင်တန်းဖွင့်



ပင်လုံ ဩဂုတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင် ငွေတိုးရေးစီမံကိန်း စက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရာဇာက စီမံကိန်းသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နင်းဝင့်ဝင့်ဆွေက သင်တန်းသားများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါ စက်ချုပ်သင်တန်းတွင် သင်တန်းသား ၁၆ ဦးက သင်တန်းကာလတစ်လခွဲကြာ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၁၄)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၉။ ၁၅:၀၀ ဆောင်းပါးပေါ်မှ စာစုများ |
| ၂။ ဓမ္မပူဇာတေး | ၁၀။ ၁၇:၀၀ မွေးမြူသုတ |
| ၃။ ၀၈:၀၀ မောင်မယ်လေးများ သီစေချင် | ၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ ၁၀:၀၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း | ၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၅။ ၁၁:၀၀ မြန်မာ့လက်သံ | ၁၃။ ၁၈:၄၀ Music Gallery |
| ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၄။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ** |
| ၇။ ပန်းတို့၏အလှတရား | **အသေဝနာစ** |
| ၈။ ၁၃:၀၀ အမှတ်တရနေ့ရက်များ | **ဗာလာနံ** |

## MWD Variety Channel

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၂။ | ၁၁:၃၀ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |
| ၃။ | ၁၄:၀၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၇:၄၅ | Knowledge Note |

## MWD Education, Knowledge & Sports Channel

၂၀-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၇:၀၀-၀၈:၄၅ Grade-7 မြန်မာစာ၊ အင်္ဂလိပ်စာ | ၃။ ၁၈:၁၅-၁၉:၁၅ Grade-7 သင်္ချာ(၂)၊ ပထဝီဝင် |
| ၂။ ၁၅:၃၀-၁၈:၁၅ Grade-7 အင်္ဂလိပ်စာ၊ သင်္ချာ(၁) | ၄။ ၁၉:၁၅-၂၀:၂၀ Grade-7 သမိုင်း၊ သိပ္ပံ |

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်



**နေပြည်တော်  ဩဂုတ်  ၁၉**

မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအုပ်စု ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ တောင်သူများ အဓိကလိုအပ်သော သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ်အတွင်းရှိ ကြောင်ရေ၊ နောင်ဘို၊ သပြေပင်၊ ပြောင်ခေါင်းကြီး၊ ပေါက်မြိုင်၊ အလယ်ကျွန်း၊ သော်မှော်ကုန်း၊ ရွှေပြည်အေးစသည့် ကျေးရွာရှစ်ရွာမှ မိုးစပါးစိုက်တောင်သူများကို သွင်းအားစုပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာများခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကြောင်ရေစံပြကျေးရွာ၌ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသည့်သင်တန်းသူများ၏ မိုးဘက်စုံသုံးဆပ်ပြာရည်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီးပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိပြီး အသင်းပိုင်မြေ ၁၉ ဧကကျော်တွင် အသင်းသားတောင်သူများ၏အောင်နိုင်တိုးအထွက်တိုး မျိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကိုလည်းကောင်း၊ ဘရာမင်ရွှေနီနွားမျိုးနှင့် ဒေသနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အောင်ရေရရှိရေး၊ ပေါင်းမြက်ကင်းစင်ရေးနှင့် ဈေးကွက်ရရှိရေးကိစ္စရပ်များနှင့် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံဆွေးနွေး



နေပြည်တော်  ဩဂုတ်  ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်မှုအပေါ် အသိအမှတ်ပြုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နှစ်နိုင်ငံပြည်သူများ နယ်စပ်ဒေသများမှ ဝင်ထွက်မှုအဆင်ပြေစေရေး၊ နှစ်နိုင်ငံပြည်သူများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များအဆင်ပြေစေရေးအတွက်ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ထိုင်းနိုင်ငံအတွင်း စခန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းအနေဖြင့် ဝန်ကြီးဌာနနှင့်ပတ်သက်သည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားရန်နှင့်လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းထားရှိမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အဖွဲ့ဝင်များက နှစ်နိုင်ငံအကျိုးအတွက် နှစ်နိုင်ငံအသင်းတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကူညီစောင့်ရှောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်အပေါ် ကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဝန်ကြီးဌာနနှင့် ပတ်သက်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည်ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သဲကောကြီး အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစကားပြောကြားသည်။



ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများ လိမ္မာရေးခြားရှိရေး၊ မျိုးချစ်စိတ်နိုင်ငံချစ်စိတ် မြင့်မားတိုးတက်စေရေး ဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများက စံနမူနာပြဆောင်ရွက်ကြရန်၊ ထိရောက်သည့်သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေး၊ သင်ထောက်ကူပစ္စည်းများအသုံးပြုရေးနှင့် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးကြရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် အင်းသာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစကားပြောကြားပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းသန့်ရှင်းသာယာလှပရေး၊ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၁၉

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင်ဩဂုတ်လ ၁၉ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော်  ဩဂုတ်  ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၉

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌ အဖွဲ့ဝင်များနှင့်ဝန်ထမ်းများအတွက်ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ယခင်ရွေးကောက်ပွဲများနှင့်မတူသည့် အချက်သုံးချက်ရှိကြောင်း၊ ပထမဆုံးအချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်( Mixed Member Proportional – MMP)ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ယခုသင်တန်းတွင် အသေးစိတ်ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် မဲပေးသည့်စနစ်ဖြစ်ပြီး ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများတွင် မဲပေးရာ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်ပုံစံဖြစ်ပြီး ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ထားကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မိမိတို့အတွက်အားဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများအနေဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ကို ယုံကြည်ကြောင်း၊ အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ဩဂုတ်လ၁၉ရက်မှ ၂၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဗီဒီယိုကွန်ဖရင့်မှ တစ်ဆင့် တက်ရောက်သည့် သင်တန်းသား၊ သင်တန်းသူများအပါအဝင် စုစုပေါင်း ၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Gen. Luong Tam Quang ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဩဂုတ်လ ၁၇ ရက်တွင် ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ ( The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့တက်ရောက်ရန် ဩဂုတ်လ ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. To Lam နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Gen. Luong Tam Quang နှင့် လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang မှတည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့( The 80th Anniversary of the Traditio–nal Day of the Viet Nam People's Public Security)အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဗီယက်နမ်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဩဂုတ်လ ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြောင်း သိရသည်။

မြဝတီ

# မြန်မာ – ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ–ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (သံအမတ်ကြီး–ငြိမ်း)နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ–ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး စသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ပတ်သက်၍ သတင်းမှန်သိရှိနိုင်ရေးဆိုင်ရာများ၊ မြန်မာ – ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊



မြန်မာ – ထိုင်း ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

**၁၉-၈-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

★ ရှေ့ဖုံးမှအဆက်

အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင်လ ၁၁ ရက်နေ့ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ(၁၃) ခရိုင်၊ မြို့နယ်(၂၉)မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်းကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ယနေ့တွင် သစ်မျိုး ၇ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများမှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျများလွန်းခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များမခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် **စာမျက်နှာ ၁၃ သို့** ★

◆ **နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကိုဆောင်ရွက်ပေးလျက်ရှိ၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပပြုလုပ်ခဲ့၊ အပူပိုင်းဒေသ(၁၃) ခရိုင်၊ မြို့နယ်(၂၉)မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်းကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့၊ ယနေ့တွင် သစ်မျိုး ၇ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးသွားမည်ဖြစ် . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

◆ **မင်းဘူးခရိုင်အတွင်း ၅ မြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိ၊ တစ်ရွာကို ၂ ကေနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ကေ ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်၊ တစ်နှစ်လျှင်တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာပေါက်ရောက်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ် . . .**

✯ **စာမျက်နှာ ၁၂ မှအဆက်**

သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများနည်းပါးလာပြီး ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်ပေါ်စေရန်အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သဘာဝ ဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ **“သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်းနားခိုနိုင်သည်”ဟု ပြောကြားကြ**ကြောင်း၊ ကျေးငှက်သာရကာများ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့် သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍သဘာဝပတ်ဝန်းကျင်ကိုစိမ်းလန်းစိုပြည်စေကြောင်း။

ယခုဒေသတွင်လျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများအတွက်လိုအပ်သည့် ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း ၂ကေစီစိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ၅ မြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို ၂ ကေနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ကေ ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာပေါက်ရောက်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အိမ်တစ်အိမ်လျှင် တစ်ပင်စီစိုက်ပျိုးပါကလည်း မင်းဘူးခရိုင်အတွင်း အိမ်ခြေပေါင်း ၁၇၀၀၀၀ ခန့်ရှိသည့်အတွက် တစ်နှစ်တစ်ခါ စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောပေါက်ရောက်မှု များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ယခုကဲ့သို့ စိုက်ပျိုးဆောင်ရွက်ခဲ့မည်ဆိုပါက ယခုဒေသတွင် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုအား ၅၀ ရာခိုင်နှုန်းခန့် တိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်းစိုက်ပျိုးခဲ့သည်ကို အစီရင်ခံစာအရ သိရှိရကြောင်း၊ ယခုအခါတွင်လည်း အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ - ၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ၅ နှစ်စီမံကိန်းတွင် ပျိုးပင်များထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားရှိကြောင်း၊ ထို့ကြောင့် အဆိုပါစိုက်ပျိုးသည့် အပင်များ အောင်မြင်အောင်စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဇရိယာ၌ အရိပ်ရလေကာပင်များအား စိုက်ပျိုးသွားရန်နှင့် ၅ ကေ၊ ၁၀ ကေ စသည့် သစ်တောယေမျာ းတည်ထောင်နိုင်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမင်းဘူးဒေသမှ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသစိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း ရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များအမြစ်တွယ်ရှင်သန်စေရန်အတွက် စနစ်တကျဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုစိုက်ပျိုးခဲ့သည့်အကျိုးကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းများပေးအပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းသည် မိမိတို့ဒေသအတွက် ကောင်းမွန်သည့် မင်္ဂလာရှိသည့်အခမ်းအနားတစ်ခုဖြစ်သည့်အတွက် တက်ရောက်စိုက်ပျိုးကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့က တမာပျိုးပင်အား သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်းစိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့် သစ်မျိုး ၆ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)

## ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကြည့်ရှုအားပေး



**ရွှေတောင် ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ်လ ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ရွှေတောင်မြို့နယ် ကျွန်းတန်းရိုးကျေးရွာ ကွင်းအမှတ်(၄၅၉-က) ရှမ်းကုန်းကွင်းအတွင်းရှိ မိုးမြေပဲစံပြစိုက်ခင်း တစ်ကွင်းတစ်ဆက်တည်း ကေ ၁၀၀ ရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကုန်ကြမ်းအဖြစ်မရောင်းချစေဘဲ မြေပဲဆီထုတ်လုပ်ရောင်းချခြင်းနှင့် မြေပဲဆီထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် ပဲဖတ်များဖြင့် တိရစ္ဆာန်အစာလုပ်ငန်းများ ဆောင်ရွက်ရန်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပြည်မြို့ ရွှေဝါထွန်းလယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး အလုပ်ရုံသို့သွားရောက်၍ မြေကွက်ကျယ်ခြံကွက်များ အချိန်တိုအတွင်းရှင်းလင်းနိုင်ရေး မြက်ရှင်းစက်ထုတ်လုပ်နေမှုနှင့် စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်ကေစိုက်ပျိုးစရိတ်သက်သာစေရေး Drum Seeder များ ထုတ်လုပ်တပ်ဆင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ကမ်းနားလမ်းအဆင့်မြှင့်တင်နေမှုနှင့် ရောဝတီမြစ်ဘေး ကျောက်စီမြေကာနံရံတည်ဆောက်နေမှုအား စစ်ဆေးကြောင်းသိရသည်။

**(၄၀၁)၊တင်စိုး(ပဲခူး)**

## ကယန်းသာယာဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးနိုင်ရေး စက်များစမ်းသပ်ဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၁၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီးမှု၊ ပဒါးညေးကန်ရေသွယ်မြောင်းပြုပြင်တည်ဆောက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယန်းသာယာဓာတ်အားခွဲရုံသို့ရောက်ရှိကာ ဓာတ်အားခွဲရုံထိန်းချုပ်စက်ခန်းအတွင်း စက်ပစ္စည်းများတပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် စက်များစမ်းသပ်မောင်းနှင်နေမှုအခြေအနေများ၊ Switch Yard ဧရိယာအတွင်း ထရန်စဖော်မာများနှင့် ဓာတ်အားပေးစက်များ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်အားထုတ်လွှတ်ကြိုးများ သွယ်တန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနရုံးအဆောက်အအုံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ရုံးဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြည်နယ်လွှတ်တော်ရုံး လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများနှင့် ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးနေအိမ်အမိုးနှင့် မျက်နှာကြက်များ ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကယားပြည်နယ်ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့သွားရောက်ပြီး ပြတိုက်အတွင်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် တူရိယာများ၊ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့ပြင် ရပ်ကွက်နေပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို လောခမ္မရပ်ကွက်ကြည်သာယာဓမ္မာရုံ၌ပြုလုပ်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်ဆန္ဒမဲပေးရန် ကူညီဆောင်ရွက်ပေးနေမှုများနှင့် ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းကို လောခမ္မရပ်ကွက်နေ ပြည်သူ ၄၅၀ ခန့်က ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စောတင့်**

# မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်

ဖိုးစပါး

"မြေကြီးမှရွှေသီး"ဆိုသကဲ့သို့ ဆန်စပါးသည် မြန်မာ့စီးပွားရေး၏ အသက်သွေးကြောဖြစ်သည်။ ဆန်သည် ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူများအတွက် အရေးကြီးသော အစားအစာတစ်ခုဖြစ်သည်။ အထူးသဖြင့် အာရှတိုက်တွင် နေ့စဉ်စားသုံးသော အဓိကအစားအစာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါး ၂၀ ခန့်အပါအဝင် စပါးမျိုး ၉၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပေါ်ဆန်းစပါးမျိုးသည်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။

**ပေါ်ဆန်းစပါး၏သမိုင်းကြောင်း**

မြန်မာ့ပေါ်ဆန်း၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုရင်ဖြင့် ပေါ်ဆန်းစပါးသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် ဒေသစပါးမျိုးတစ်မျိုးဖြစ်သည်။ မြန်မာ့ပေါ်ဆန်း၏ မူရင်းဒေသ၊ တစ်နည်းအားဖြင့် ပေါ်ဆန်း၏ အိမ်သည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်သည်။ မြန်မာ့ပေါ်ဆန်းကို ၁၉၄၄ ခုနှစ်တွင် မြောင်းမြခြံ၌ single plant selection နည်းကိုအသုံးပြု၍ စတင်ထုတ်လုပ်ခဲ့သည်။ ထို့ကြောင့် ပေါ်ဆန်းစပါးမျိုးသည် နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ပေါ်ဆန်းရင်မျိုးကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ပေါ်ဆန်းဘေးကျားမျိုးကိုလည်းကောင်း စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ၏ ဆန်စပါးဈေးကွက်တွင် စားသုံးမှုမြင့်မားသောဆန်များထဲတွင် ရွှေဘိုပေါ်ဆန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၉၇–၁၉၉၈ ခုနှစ်ခန့်က ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူတစ်ဦးက ဧရာဝတီတိုင်းမှ ပေါ်ဆန်းမျိုးလေးပြည်ယူဆောင်၍ စတင်စမ်းသပ်စိုက်ပျိုးရာမှ ရွှေဘိုပေါ်ဆန်းဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မျိုးရိုးဗီဇပညာရှင်များက ရွှေဘိုပေါ်ဆန်း၏ မျိုးဗီဇများကို စစ်ဆေးကြည့်ရာ "ဖျာပုံပေါ်ဆန်း"၏ မျိုးဗီဇနှင့်ကိုက်ညီကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။ ထို့ပြင် ပေါ်ဆန်းမွှေးသည် ရှေးမြန်မာမင်းများလက်ထက် စိုက်ပျိုးခဲ့သည့် ကောက်ကြီး (၁၂၆)မျိုးထဲက ငကြွဲမျိုးဖြစ်နိုင်သည်ဟု ပညာရှင်များကကောက်ချက်ချထားသည်။

**ပေါ်ဆန်း၏ ထူးခြားသောအရည်အချင်းလက္ခဏာများနှင့် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

မြန်မာနိုင်ငံသည် စပါးဗီဇအရင်းအမြစ်ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါ ဗီဇအရင်းအမြစ်အနက် ပေါ်ဆန်းစပါးမျိုးသည် အရည်အသွေးကောင်းမွန်သဖြင့် အလွန်ကျော်ကြားသည့် စပါးမျိုးတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင်ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းဘေးကျား၊ ပေါ်ဆန်းကြီး၊ပေါ်ဆန်းရင်နှင့်ပေါ်ဆန်းမွှေး အစရှိသည့်ပေါ်ဆန်းစပါးမျိုးများ ၁၉ မျိုးရှိကြောင်း လေ့လာမှတ်သားရသည်။ ပေါ်ဆန်းစပါးမျိုးများ၏ အဓိကအရည်အချင်းလက္ခဏာများမှာ ဆန်အရည်အသွေးကောင်းမွန်ခြင်း၊ စားသုံးရာတွင် နူးညံ့ပျော့ပျောင်းခြင်း၊ သင်းပျံ့သောမွှေးရနံ့ရှိခြင်း အစရှိသည့် အရည်အချင်းများ ပိုင်ဆိုင်ထားသည်။ ထိုသို့ အရည်အသွေးကောင်းသည့်အရည်အချင်းလက္ခဏာများရှိသည့်ပေါ်ဆန်းစပါးမျိုးကွဲအလိုက် စိုက်ပျိုးထုတ်လုပ်မှုများမှာ ၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် တစ်နိုင်ငံလုံး ပေါ်ဆန်းစပါးမျိုး ဧက ၁ ဒသမ ၄ သန်းကျော် စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး အထွက်တင်းပေါင်း ၁၀၄ သန်းကျော်ထွက်ရှိခဲ့သည်။ ၎င်းအနက် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် ဧက ၇ သိန်းကျော် စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး အထွက်တင်းပေါင်း ၅၃၁ သိန်းကျော်ထွက်ရှိခဲ့သည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၏ ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နိုင်ငံလုံး ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်မှု၏ ၅၁ ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရှိရသည်။ ပေါ်ဆန်းစပါးမျိုးများအနက် ပေါ်ဆန်းရင်သည် စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်းလည်းတွေ့ရှိရသည်။

**ပေါ်ဆန်းအရည်အသွေးနှင့် စိုက်ချိန်၊ ရာသီပတ်သက်ဆက်နွှယ်မှု**

မြန်မာ့ပေါ်ဆန်းသည် ရာသီစပါးမျိုးဖြစ်ပြီး ပုံမှန်အားဖြင့် ဇူလိုင်လ(တတိယပတ်)တွင် ပျိုးထောင်စိုက်ပျိုးပါက အောက်တိုဘာလတတိယပတ်သန္ဓေကပ်ပြီး နိုဝင်ဘာလတတိယပတ်တွင် ပန်းပွင့်၍ ဒီဇင်ဘာလတတိယပတ်တွင် ရိတ်သိမ်းနိုင်သဖြင့် သက်တမ်း ၁၅၀ ရက်ခန့်ရှိသည်။ အပင်အရပ်မြင့်ပြီး အရွက်ပျော့၍ နွဲ့သဖြင့် အထွက်ကောင်းစပါးမျိုးများကဲ့သို့ စိပ်စိပ်စိုက်ပါက အပင်ဟုန်ပြီး ယိုင်လဲတတ်သည်။ ပုံမှန်ထက် စောစောစိုက်ပါက သက်တမ်းရှည်ပြီး အပင်အရပ်မြင့်သဖြင့် သီးပွင့်ရင့်မှည့်ချိန်တွင် လေဒဏ်၊ မိုးဒဏ်၊ ဆီးနှင်းဒဏ်တို့ကြောင့် အပင်ယိုင်လဲ ထိခိုက်ပျက်စီးစေသည်။ ထို့ကြောင့် ပန်းပွင့်ချိန်နောက်ကျမှုမရှိစေရန်နှင့် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ကြုံတွေ့မှုမရှိစေရန် ပျိုးထောင်စိုက်ပျိုးမည့်အချိန်များကို မှန်ကန်စွာရွေးချယ် စိုက်ပျိုးနိုင်မှသာ အထွက်နှုန်းတိုးတက်ပြီး အရည်အသွေးကောင်းမွန်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာဈေးကွက်တွင် အဓိကရောင်းချလျက်ရှိသည့် ထိုင်းနိုင်ငံမှ ဂျက်စမင် (Jasmine)မျိုးနှင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီ (Basmati) မျိုးများသည် အမွှေး၊ အနံ့၊ အရသာကောင်းမွန်ကြောင်း တွေ့ရှိရသည်။ ကျွန်တော်တို့ မြန်မာပေါ်ဆန်းများသည် (၂ အေမီ အမွှေးနံ့ ဒြပ်ပေါင်း) ထွက်ရှိကြောင်း မှတ်သားရသည်။ ထို့ကြောင့် မွှေးရနံ့သင်းပျံ့သော ပေါ်ဆန်းများဖြစ်ပေါ်စေရန် နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်နှင့်ညအပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်း နေ့နှင့်ညအပူချိန်ကွာခြားချက် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်ရှိပါက (၂ အေမီ အမွှေးနံ့ ဒြပ်ပေါင်း) ဖြစ်ပေါ်မှုအမြင့်ဆုံးဖြစ်ကာ မွှေးရနံ့သင်းသောပေါ်ဆန်းမွှေးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ အမွှေးနံ့ကို ဖြစ်ပေါ်စေသည့်ဗီဇသည် ရေငတ်ဒဏ်ခံနိုင်ခြင်း၊ ဆားငန်ဒဏ်ခံနိုင်ခြင်း စသည့်အရည်အသွေးများနှင့် ဆက်စပ်လျက်ရှိကြောင်းလည်းသိရပေသည်။ ထို့ပြင် အမွှေးနံ့ကို ဖြစ်ပေါ်စေသည့်ဗီဇသည် ငုပ်လျှိုးဗီဇဖြစ်ခြင်းကြောင့် ယင်းဗီဇကို ထိန်းသိမ်းရွေးချယ်နိုင်မည့် နည်းပညာ၊ သုတေသန၊ ပညာရှင်တို့အင်အားအသုံးချကာ ပေါ်ဆန်းစပါးဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်သွားရမည်ဖြစ်ပေသည်။

**စိုက်နည်းစနစ်**

မျိုးရွေးချယ်ရာတွင်တစ်ဧကမျိုးသန့်မျိုးစေ့တစ်တင်းနှုန်းသုံးပါ။ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်ကို ကျင့်သုံးပါ။ မြေပြုပြင်ခြင်းသည် သီးနှံကာလတစ်လျှောက်လုံးတွင် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သဖြင့် မြေပြုပြင်ရာတွင် စက်ဖြင့်လည်းကောင်း၊ နွားဖြင့်လည်းကောင်း တမန်းကောင်းပြီး မြေအနိမ့်အမြင့် ညီညာအောင် ပြုပြင်ထားရမည်။ မြေချဉ်ငန်ဓာတ် (pH) ၅ ဒသမ ၅ မှ ၇ ဒသမ ၅ ကြားရှိသော မြေမျိုးကိုရွေးချယ်စိုက်ပျိုးသင့်သည်။ ပျိုးခင်းကိုမြေဆီဩဇာထက်သန်သောနေရာတွင် ပြုလုပ်ပါ။ ပျိုးသက် (၂၀–၂၅)ရက်သားတွင် ချက်ချင်းနုတ်၍ ချက်ချင်းရွှေ့ပြောင်းစိုက်ပျိုးပါ။ စိုက်ပျိုးရာတွင် တစ်ဧကကောက်ကွက်(၁–၁ ဒသမ ၃) သိန်းခန့်ဝင်ဆံ့အောင်တန်းကြား x ပင်ကြားအကွာအဝေးအား (၈ x ၈ )လက်မ သို့မဟုတ် (၈ x ၆) လက်မဖြင့် ကောက်ကွက်တစ်ကွက်လျှင် လက်ဆ (၂–၃)ပင်နှုန်း စိုက်ပျိုးပါ။ အပင်ပေါက်ပြီး နောက်နှစ်ပတ်အတွင်း အပင်ငယ်များ ရေမမြုပ်စေရန် သတိပြုပါ။ ရေသွင်းရေထုတ်မှန်ကန်စေပြီး ရေသွင်းရေခန်းစနစ်ကိုကျင့်သုံးပါ။ မှိုကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေလုံလောက်အောင်ပြုလုပ်ပေးပါ။ စိုက်ပြီး ငါးရက်အတွင်း ယူရီးယား (၁/၂)အိတ်နှုန်းဖြင့် ပထမအကြိမ်၊ စိုက်ပြီး







၂၀ ရက်တွင် ယူရီးယားတစ်အိတ်နှုန်းဖြင့် ဒုတိယအကြိမ်၊ စိုက်ပြီး ၅၀ ရက်တွင် ယူရီးယား (၁/၂)အိတ်နှင့် ပိုတက်(၁/၄)အိတ်နှုန်းဖြင့် တတိယအကြိမ်၊ အလံရွက်ထွက်ချိန်တွင် ပိုတက်(၁/၂)အိတ်နှုန်းဖြင့် စတုတ္ထအကြိမ် စုစုပေါင်းလေးကြိမ်ထည့်သွင်းပါ။ အပင်တွင် ပိုးမွှားနှင့်ရောဂါများကျရောက်ပါက ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးပါ။ ပေါင်းမြက်များကို တတ်နိုင်သမျှ သေချာစွာရှင်းလင်းပါ။

**ပေါ်ဆန်း၏ပြည်တွင်းပြည်ပဈေးကွက်အလားအလာ**

ပေါ်ဆန်းဆန်၏ ပြည်တွင်းပြည်ပဈေးကွက်အလားအလာများကို သုံးသပ်ရမည်ဆိုပါက ပြည်တွင်းဈေးကွက်အလားအလာတွင်ရောပေါ်ဆန်းစားသုံးမှုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းစားသုံးမှုကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်းကောင်း စားသုံးမှုအများဆုံးရှိသည်ကိုတွေ့ရှိရသည်။ ပြည်ပဈေးကွက်တင်ပို့မှု အစောဆုံးကာလမှာ ၂၀၁၁ – ၂၀၁၂ ခုနှစ်ဖြစ်ကြောင်းလည်းတွေ့ရှိရသည်။ မြန်မာပေါ်ဆန်းသည် နိုင်ငံတကာပြည်ပတင်ပို့မှုများတွင် ကောင်းမွန်သော သမိုင်းကြောင်းများရှိခဲ့သည်။ ၂၀၀၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဆန်စပါးညီလာခံ (2009 World Rice Conference) တွင် ဖျာပုံပေါ်ဆန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံတွင် ကမ္ဘာ့အကောင်းဆုံးဆန်(World Best Rice) အဖြစ် ရွေးချယ်သတ်မှတ်ခံရသည်။ ကမ္ဘာတွင် မြန်မာ့ပေါ်ဆန်းကို "မြန်မာ့ပုလဲစပါး"ဟု အသိအမှတ်ပြုထားသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်သည် အရည်အသွေးကောင်းမွန်သော်လည်း အမှတ်တံဆိပ်အားနည်းခြင်း၊ ထုတ်လုပ်မှုစနစ်မခိုင်မာခြင်းတို့ကြောင့် ဈေးကွက်ဝေစုနည်းပါးနေသေးသည်။ စိုက်ပျိုးထုတ်လုပ်မှုအပေါ်အခြေခံ၍ ရောင်းလိုအား၊ ဝယ်လိုအား ချိန်ခွင်လျှာညီဆောင်ရွက်နိုင်ပါက ပြည်ပဈေးကွက်တွင် အခွင့်အလမ်းကောင်းများစွာရရှိမည်ဖြစ်သည်။ ကျွန်တော်တို့၏ မြန်မာ့ဆန်ကို အဓိကတင်သွင်းသောနိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပနိုင်ငံများဖြစ်ကြသည်။ ပြည်ပနိုင်ငံများရှိ မြန်မာ့ဆန်၏ဈေးကွက်ဝေစုအချိုးမှာ တရုတ်နိုင်ငံတွင် ၂၁ ရာခိုင်နှုန်း၊ ဘယ်လ်ဂျီယံနိုင်ငံတွင် ၂၇ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ရာခိုင်နှုန်းတို့အသီးသီးရှိသည်ကို တွေ့ရသည်။ မြန်မာ့ဆန်ဝယ်လိုအား အများဆုံးနှင့် ဈေးကွက်အလားအလာအရှိဆုံးနိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ပေါ်ဆန်းကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင် တစ်ခေတ်ဆန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် ပေါ်ဆန်းဖိုရမ် ၂၀၂၅ ကို မတ်လ ၅ ရက်မှ ၆ ရက်အထိကျင်းပခဲ့သည်။

**ပေါ်ဆန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားသင့်သည်များ**

ပေါ်ဆန်းကဏ္ဍတစ်ခေတ်ဆန်းစေရေးအတွက်ပုံမှန်မျိုးမွေးမြူကူးစပ်ခြင်းနည်းပညာအပြင် မော်လီကျူလာနည်းပညာကဏ္ဍသည်လည်း လွန်စွာအရေးပါလာပြီဖြစ်ပေသည်။ ထို့အတူ သုတေသီပညာရှင်များအတွက် သုတေသနပြုနိုင်မည့် အခြေအနေကို ဖန်တီးပေးရမည်ဖြစ်သည့်အပြင် ဦးနှောက်သာမက နှလုံးသားပါကြီးမားသည့် ပညာရှင်များ၏အားများလည်း လိုအပ်လှပေသည်။

ပေါ်ဆန်းကဏ္ဍ အောင်မြင်ရေးအတွက် မျိုးစေ့စနစ်၏အရေးပါမှုကိုလည်း သိရှိနားလည်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရပေမည်။ သို့မှသာ ခိုင်မာ၍ ရေရှည်တည်တံ့သော မျိုးစေ့စနစ်တည်ဆောက်နိုင်၍ အောင်မြင်သောပေါ်ဆန်းကဏ္ဍဆီဦးတည်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးအသွင်ကူးပြောင်းရေးဆောင်ရွက်ရာတွင် ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ တောင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ထို့ပြင် တိုင်းဒေသကြီးအလိုက်တည်ရှိသည့် ပေါ်ဆန်းမျိုးများအားလုံးကိုလည်း မျိုးစေ့ဘဏ်အတွင်းထိန်းသိမ်းထားရန်လည်းလိုအပ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍကိုလည်းမြှင့်တင်ပေးရမည် ဖြစ်ပေသည်။

